ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ
UNITED NATIONALITIES FEDERAL COUNCIL (UNION OF BURMA)

ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ

သတင်းထုတ်ပြန်ချက်

(၆ / ၂၀၁၃)

ရက်စွဲ - ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ(၂၂)ရက်

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ ဝန်ကြီးဦးအောင်မင်း၏ဖိတ်ကြားချက်အရ တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာနှင့် ရည်ရွယ်တည်တံ့ခိုင်မြဲသော ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို အထောက်အကူပြုစေရန်အတွက် ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ(UNFC)၏ ခေါင်းဆောင်သုံးဦးအပါအဝင် အဖွဲ့ဝင်ကိုယ်စားလှယ် (၅)ဦးတို့သည် ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ (၂၃) ရက်နေ့မှ (၂၆)ရက်နေ့ထိ ပြည်တွင်းသို့ သွားရောက်ကြမည် ဖြစ်ပါသည်။

၂။ ခရီးစဉ်တွင် ခွန်းအေဘယ်တွိန်၊ ပဒိုဒေးဗစ်သာကပေါနှင့် နိုင်ဟံသာတို့အမှူးပြုလျှက် ဂျပန်အစိုးရ၏ မြန်မာနိုင်ငံအမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာအထူးကိုယ်စားလှယ် မစ္စတာဆာဆာကာဝါ၏ ကြားဝင်ကူညီပေးမှုဖြင့် ခရီးစဉ်အား ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၃။ ခရီးစဉ်အတွင်း သက်ဆိုင်ရာအစိုးရအဖွဲ့ကိုယ်စားလှယ်များ၊ တိုင်းရင်းသားနိုင်ငံရေးပါတီအင်အားစုများ၊ ဒီမိုကရေစီအင်အားစုများနှင့် ဖြစ်နိုင်သမျှ တွေ့ဆုံဆွေးနွေးမှုများကို လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

<u>ဆက်သွယ်ရန်</u>

၁။ ပဒိုဒေးဗစ်သာကပေါ - ဒုတိယညွှန်ကြား (၂)၊ UNFC ဖုန်း = +၆၆(၀)၉၀ ၄၅၆ ၇၀၉၅

၂။ နိုင်ဟံသာ - အထွေထွေအတွင်းရေးမှူး၊ UNFC ဖုန်း = +၆၆(၀)၈၀ ၅၀၃ ၀၈၄၉

၃။ ဗိုလ်မှူးကြီးခွန်ညွှာ - တွဲဖက်အထွေထွေအတွင်းရေးမှူး (၂) ဖုန်း = +၆၆(၀)၈၁ ၉၅၀ ၂၁၅၈